# 1001


# Video Games You Must Play Before You Die


(Updated Edition)


ယခုလ စာဖတ်သူဂိမ်းမာများအတွက် ဖတ်ကြည့်သင့်သည့် စာအုပ်ကောင်းတစ်အုပ်ကို ကျွန်တော် မိတ်ဆက်ပေးချင်ပါတယ်။ ***သင်မသေခင် ကစားကြည့်သင့်သော ဗီဒီယိုဂိမ်းပေါင်း ၁၀၀၁ ခု*** ဟူသောအမည်မှာ ကြားရရုံနှင့်ပင် စိတ်ဝင်စားစရာကောင်းပါတယ်။ အဲဒီစာအုပ်ကို ၂၀၁၀ ခုနှစ်မှာ ပထမဆုံး ရိုက်နှိပ်ခဲ့ပြီး ၂၀၁၃ ခုနှစ်မှာတော့ ပိုပြီးပြည့်စုံတိကျစေရန် ပြန်လည်တည်းဖြတ်ထုတ်ဝေခဲ့တာပဲ ဖြစ်ပါတယ်။ ဤစာအုပ်ကို ဗီဒီယိုဂိမ်းသုံးသပ်ချက်များ၊ ဆောင်းပါးများကိုရေးသားရာတွင် အတွေ့အကြုံရှိသည့် စာရေးသူအယောက် ၃၀ကျော်မှ စုပေါင်းရေးသားခဲ့တာဖြစ်ပြီး အထွေထွေအယ်ဒီတာအဖြစ် ကမ္ဘာကျော် EDGE ဂိမ်းမဂ္ဂဇင်း၏ အယ်ဒီတာချုပ် Tony Mott မှ ဆောင်ရွက်ထားသဖြင့် အရည်အသွေးပိုင်းမှာလည်း ကောင်းမွန်လှပါတယ်။ မူရင်းတန်ဖိုး ပေါင် ၂၀ ဟု ပြောထားသော်လည်း စာရေးသူအနေနဲ့ ထိုစာအုပ်ကို ၂၈ ဒေါ်လာနှင့် ညီမျှသော ပိုက်ဆံဖြင့် ဘန်ကောက်မြို့မှ ဝယ်ယူခဲ့သောကြောင့် မူရင်းတန်ဖိုးထက်ပင် လျှော့၍ရခဲ့သည်ဟု ဆိုနိုင်ပါသည်။

ထိုစာအုပ်သည် ၁၉၇၀ ပြည့်လွန်နှစ်များတွင် ဗီဒီယိုဂိမ်းများ စတင်နာမည်ကျော်ကြားလာသည့် အချိန်မှစ၍ ၂၀၁၃ ခုနှစ် နှစ်ဦးအထိ ထွက်ရှိခဲ့သော သိန်းပေါင်း၊ သန်းပေါင်းများစွာသော ဂိမ်းများထဲမှ ထူးခြားမှုအရှိဆုံး၊ ဂိမ်းလောကကို အကျိုးအပြုနိုင်ဆုံး၊ ကစားအကြည့်သင့်ဆုံး ဂိမ်းပေါင်း ၁၀၀၁ ခု အကြောင်းကို အတိုချုပ်ရေးထားခြင်း ဖြစ်ပါတယ်။ စာမျက်နှာပေါင်း ၉၆၀ အတွင်း ဂိမ်းတစ်ခုချင်းအကြောင်းကို ရုပ်ပုံများနှင့်တကွ ဖော်ပြထားသည်။ ပထမဆုံး ထုတ်ဝေခဲ့သည့်ခုနှစ်၊ မည်သည့်ဂိမ်းစက်တွင်ထွက်ခဲ့သည်၊ မည်သူမှ ရေးသားခဲ့သည်၊ မည်သည့်ဂိမ်းအမျိုးအစားဖြစ်သည်ဟူသော အခြေခံအချက်များအပြင် ထိုဂိမ်းသည် မည်သည့်အတွက်ကြောင့် ကစားကြည့်သင့်သည် စသည့်အချက်များကို အဓိက အလေးထား၍ ရေးသားထားပါတယ်။

ရုတ်တရက်ကြည့်လိုက်ရင် ဂိမ်း ၁၀၀၁ ခုအကြောင်းကို အကျဉ်းချုပ်ရေးထားတာကြောင့် အလွန်ထူပြီး ဖတ်ရမှာ ပျင်းစရာကောင်းသည့် စာအုပ်တစ်အုပ်အဖြစ် ထင်ရသော်လည်း အမှန်မှာ စာဖတ်သူများ အလွန်အကျိုးရှိမည့် စာအုပ်တစ်အုပ်ဖြစ်ပါတယ်။ ဤအချက်ကပင် ကျွန်တော့်အနေနဲ့ ဤစာအုပ်ကို ညွှန်းဆိုရခြင်း ဖြစ်ပါတယ်။ ၎င်းတွင် ၁၉၇၀ ပြည့်လွန်နှစ်များမှ ယခုအထိ ဗီဒီယိုဂိမ်းများမည်ကဲ့သို့ ပေါ်ပေါက်တိုးတက်ပြောင်းလဲခဲ့တယ်ဆိုတဲ့ သမိုင်းကြောင်းများ ပါဝင်ပါတယ်။ မည်သည့်ဂိမ်းများက မည်သည့်ဂိမ်းအမျိုးအစားများကို ဖော်ထုတ်ပေးခဲ့တယ်ဆိုတဲ့ အရေးပါတဲ့အချက်များ






| | | |
|---|---|---|
| စာအုပ်အမည် | - | 1001 Video Games You Must Play Before You Die (Updated Edition) |
| ထုတ်ဝေသည့်ခုနှစ် | - | 2013 |
| ထုတ်ဝေသူ | - | Quintessence |
| ISBN | : | 978-1-84403-766-7 |
| မူရင်းတန်ဖိုး | - | အင်္ဂလန်ပေါင် 20 |

လည်း ပါဝင်ပါတယ်။ မည်သည့်ဂိမ်းများသည် အရှေ့က မအောင်မြင်ခဲ့တဲ့ ဂိမ်းများရဲ့သင်ခန်းစာကို မည်သို့ယူပြီး အောင်မြင်တဲ့ဂိမ်းများ ဖြစ်လာသည်ဆိုတဲ့အချက်များ ပါဝင်ပါတယ်။ မည်သည့်ဂိမ်းများသည် လူအများ သေချာပင် မသိလိုက်ကြသော်လည်း ဂိမ်းလောကကို မည်ကဲ့သို့ အကျိုးပြုသွားသည်ဆိုတဲ့ နစ်မြုပ်နေတဲ့ အမှန်တရားများ ပါဝင်သည်။ ထို့အပြင် ဂိမ်းလောကအတွင်း အောင်မြင်မှုများ၊ ကျရှုံးမှုများနှင့် အခြားထူးခြားမှုများကိုလည်း တွေ့ရမှာဖြစ်ပါတယ်။

အကယ်၍ သင်ဟာ ဂိမ်းများကို သာမန်ကစားသည့် အဆင့်ထက်ကျော်လွန်၍ ဂိမ်းများအကြောင်း သေချာလေ့လာလိုသူ (သို့) ဂိမ်းများ၏ သမိုင်းကြောင်းကို စိတ်ဝင်စားသူ (သို့) ဂိမ်းများကို အခြေပြု၍ စီးပွားရေးလုပ်ငန်းများဆောင်ရွက်သူ (သို့) မိမိကိုယ်တိုင် ဂိမ်းများ ရေးဆွဲနေသူဖြစ်ပါက ဤစာအုပ်ကို ဖတ်ရှုသင့်တယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံမှာ ယခုအခါရှိလာပြီဖြစ်တဲ့ ဂိမ်းရေးဆွဲသူများအနေနဲ့ မဖြစ်မနေဖတ်ကိုဖတ်ရမည့်စာအုပ်လို့ပင် ဆိုချင်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ ယခုလက်ရှိ တွေ့နေရတဲ့ ဂိမ်းများရဲ့ 99.99% မှာ အသစ်အဆန်းများ မဟုတ်ဘဲ အရင်ထွက်ရှိခဲ့တဲ့ဂိမ်းများ၊ အဲဒီဂိမ်းတွေထဲမှ Game Mechanics များ၊ ထိုဂိမ်းများ၏ သဘောသဘာဝနှင့် ဇာတ်ကောင်များကို အခြေပြုရေးဆွဲထားခြင်း ဖြစ်သောကြောင့်ပင်ဖြစ်ပါတယ်။ ထို့အပြင် မျက်မှောက်ကာလ ဂိမ်းများတွင် အသုံးပြုနေသော အခြေခံအချက်အများစုမှာ ၁၉၇၀–၈၀ ခုနှစ်ကာလကပင် ထွက်ပေါ်နေခဲ့တာ ဖြစ်ပါတယ်။ အသစ်တွေ ဘယ်လိုကောင်းကောင်း၊ အဟောင်းကိုတော့ တလည်လည်ဆိုတဲ့ စကားအတိုင်းပါပဲ ယခုခေတ် ဂိမ်းစက်များ၏အစွမ်းကြောင့် ဂိမ်းများ၏ ရုပ်ထွက် ဘယ်လောက်ပင်ကောင်းကောင်း၊ အခြေခံ Game Mechanics များကတော့ များစွာပြောင်းလဲခြင်း မရှိသေးပေ။

နိဂုံးချုပ်အနေဖြင့်ဆိုရလျှင် ဤစာအုပ်သည် တန်ဖိုးအားဖြင့်မြင့်မားသည်ဟုဆိုနိုင်သော်လည်း ရမည့်အကျိုးကျေးဇူးများမှာ ပေးရသည့်တန်ဖိုးထက် သာလွန်သည်ဟုဆိုချင်ပါတယ်။ ထို့ကြောင့် ဖြစ်နိုင်လျှင် ဖတ်ရှုကြည့်ကြရန် ကျွန်တော်အနေနဲ့ ထပ်မံတိုက်တွန်းချင်ပါသေးတယ်။ အနည်းဆုံးတော့ ခေတ်ပေါ် ဂိမ်းများကစားရတာပျင်းလာပါက ယခင်ထွက်ရှိခဲ့တဲ့ ဂိမ်းများ ပြန်ကစားရင်ကောင်းမယ်ဆိုပြီး Retro Game များ ကစားလိုသည့်စိတ် ပြန်လည်ပေါ်လာနိုင်ပါသည်ဟု ကျွန်တော့်အနေနဲ့ ရယ်စရာပင် တွေးမိပါတော့သည်။

athzem